**သမတအိမ်တော်၊ ရန်ကုန်မြို့။**

**၁၉၄၈ခုနှစ်၊ နိုင်ငံတော်သမတ (လစာနှင့်စရိတ်ငွေများ)အက်ဥပဒေ။**

**၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၁။**

**၁၃၀၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်။**

**(၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၂၁ ရက်။)**

**[ ပြင်ဆင်: 04.01.1952, 21.03.1957 ]**

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖေါ် ပြပါ အက်ဥပဒေကိုထုတ်ပြန် ကျေ ညာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သမတရရှိအပ်သော လစာနှင့်စရိတ်ငွေများကို တရားဥပဒေ ဖြင့် ပြဋ္ဌာန်းရန်လိုအပ်သည်ဖြစ်သောကြောင့်အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

အမည်တိုနှင့်စတင်အတည်ဖြစ်သည့်နေ့။

၁။ ။ (၁) ဤအက်ဥပဒေကို၊ **၁၉၄၈ ခုနှစ်၊ နိုင်ငံတော်သမတ (လစာနှင့်စရိတ်ငွေများ) အက်ဥပဒေ**ဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့မှစ၍ အတည်ဖြစ်သည်ဟုမှတ်ယူရမည်။

နိုင်ငံတော်သမတ၏လစာငွေ။

၂။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်သမတအား၊ လစဉ်လစာငွေကျပ် ၅၀၀၀ ပေးရမည်။ ဤလစာ အပေါ်၌ အခွန်မကောက်ရ။

နိုင်ငံတော်သမတအားပေးရမည့်စရိတ်ငွေများ။

၃။ ။ လစာအပြင်၊ ပြည်ထောင်စု နိုင်ငံတော်သမတအား၊ ဤအက်ဥပဒေ၏ ပဌမဇယား၌၊ ပြဋ္ဌာန်း ထားသောစရိတ်ငွေများကို ပေးရမည်။

နိုင်ငံတော်သမတသည်အိမ်တော်အစရှိသော ပစ္စည်းများကိုအခမဲ့သုံးစွဲခွင့်ရှိခြင်း။

၄။ ။ နိုင်ငံတော်သမတသည်၊ ရာထူးလက်ရှိကာလအတွင်းတွင်၊ အစိုးရက ပေးသော တင့်တယ်စွာဆင် ယင်မွမ်းမံထားသည့် အစိုးရအိမ်တော်နှင့် အစိုးရယာဉ်ရထားကိုအခမဲ့နေထိုင်သုံးစွဲပိုင်ခွင့်ရှိရမည်။ထိုပြင် ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ပြင်ဆင်မွမ်းမံရေးအတွက် နိုင်ငံတော်သမတ၌ မည်သည့်နည်းနှင့် မျှ ပုဂ္ဂလ တာဝန်မရှိစေရ။

နိုင်ငံတော်သမတအားပေးရန်ဖြစ်သောအိမ်တော်မှုဆိုင်ရာစရိတ်နှင့်အခြားစရိတ်ငွေများ။

၅။ ။ နိုင်ငံတော်သမတသည်၊ ရာထူးဆိုင်ရာ တာဝန် ဝတ်တရားများကိုလွယ်ကူချောမောစွာ သမတဂုဏ် ကြက်သရေဖြင့် ဆောင်ရွက်နိုင်စေရန် နှစ်စဉ်ပြည်ထောင်စု အခွန်တော်ငွေထဲမှ ဤအက်ဥပဒေ၏ ဒုတိယဇယားတွင်သီးခြားဖေါ် ပြထားသောကိစ္စများအတွက် စရိတ်ငွေထားရှိရမည်။ ထိုစရိတ် ငွေများ သည်ထိုနှစ်အတွက်နိုင်ငံတော်သမတက မိမိ၏သဘောအတိုင်း သုံးစွဲရန်လိုအပ်သည်ဟု ယူဆသော စရိတ်ငွေဖြစ်ရမည့်အပြင်၊ ထိုဇယားတွင် သီးခြားဖေါ် ပြထားသော အများဆုံးသုံးပိုင်ခွင့်စရိတ်ငွေထက် လည်းမပိုရ။

အက်ဥပဒေသည်နိုင်ငံတော်ဦးသျှောင်အဖွဲ့နှင့်မသက်ဆိုင်ခြင်း။

၆။ ။ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၆၄ အရခန့်အပ်သော နိုင်ငံတော်ဦးသျှောင်အဖွဲ့နှင့်မသက်ဆိုင်စေရ။

**ပဌမဇယား။**

**(ပုဒ်မ ၃ ကိုကြည့်။)**

**ရာထူးလက်ခံသောအခါ ရရှိမည့်စရိတ်ငွေများ။**

| | | | | |
|---|---|---|---|---|
| ၁။ | ဝတ်စားတန်ဆာများ- (ပဌမအကြိမ်ခန့်ထားသောအခါ၌) | --- --- | ငွေကျပ် | ၁၀၀၀၀ |
| ၂။ | ဝတ်စားတန်ဆာများ- (ပြန်၍ရွေးကောက်သောအခါ) | --- --- | ငွေကျပ် | ၅၀၀၀ |

**ဒုတိယဇယား။**

**(ပုဒ်မ ၅ ကိုကြည့်။)**

**အချို့ကိစ္စများအတွက် ကုန်ကျမည့်နှစ်စဉ်အများဆုံးသုံးပိုင်ခွင့်ရှိသောငွေ။**

| | | | | |
|---|---|---|---|---|
| ၁။ | ဧည့်ခံစရိတ် | --- --- | ငွေကျပ် | ၂၄၀၀၀ |
| ၂။ | တိုင်းခန်းလှည့်လည်စရိတ် | --- --- | ငွေကျပ် | ၇၅,၀၀၀ |

ရာထူး၌ထမ်းရွက်ခြင်းကြောင့် ပါလီမန်အမတ်ဖြစ်ရန် အရည်အချင်းပျက်ယွင်းခြင်းမရှိရ။

၇။ ။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၃၁၊ ပုဒ်မခွဲ(၂)အရ၊ တိုင်းပြည်ပြုလွှတ်တော်က ရွေး ကောက်တင်မြှောက်သောနိုင်ငံတော်ယာယီ သမတသည်၊ နိုင်ငံတော်ယာယီသမတအဖြစ်ဖြင့် အကျိုးအ မြတ်ရှိသောရာထူး၌ ထမ်းရွက်နေသည်၊ သို့တည်းမဟုတ် ထမ်းရွက်ခဲ့သည်ဟူသောအကြောင်းကြောင့်၊ ပါလီမန်ဆိုင်ရာလွှတ်တော်တရပ်ရပ်၏ အမတ်အဖြစ်ဖြင့် အရွေးခံရန်သော်၎င်း၊ ထိုကဲ့သို့သောအမတ်အ ဖြစ်ဖြင့် တည်နေရန်သော်၎င်း၊ အရည်အချင်းပျက်ယွင်းခြင်းမရှိစေရ၊ အရည်အချင်းပျက်ယွင်းခြင်းရှိခဲ့ သည်ဟူ၍လည်းမမှတ်ယူရ။

<ပြင်ဆင် 04.01.1952>

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

စဝ်ရွှေသိုက်။

နိုင်ငံတော်ယာယီသမတ။

၁၃၀၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်။

၁၉၄၈ခုနှစ်၊ နိုင်ငံတော်သမတ (လစာနှင့်စရိတ်ငွေများ)အက်ဥပဒေ။
(၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၂၁ ရက်။)

[အမှတ် ၅၂။]